တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

(၁၈) ရက်မြောက်နေ့အစီအစဉ်

(၁၉ - ၁၀ - ၂၀၂၆) (တနလာနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဟံသာဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်၏ **ကျောက်ကြီးမြို့နယ်၊ ရန်မျိုးအောင်ကျေးရွာမှ အင်းသဘောက်တံတားအထိ လမ်းအား လုံခြုံရေးဆောင်ရွက်ခြင်း၊ နယ်မြေရှင်းလင်းခြင်းနှင့် လမ်း/တံတား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းမိုးဇော်ဦး၊ မိုင်းဆတ်မဲဆန္ဒနယ်၏ **မိုင်းဆတ်ခရိုင်ရှိ (၅၀) ခုတင်ဆံ့ ဆေးရုံအား (၁၀၀) ခုတင်ဆံ့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး၊ လူနာဆောင်များ အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်သန်း၊ ကလေးမဲဆန္ဒနယ်၏ **ကလေးခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး (တာဟန်း)နှင့် ကျေးလက်ကျန်းမာရေးဌာန (တာဟန်း) တို့အား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်နှင့် ကျန်းမာရေး ဝန်ထမ်းများအား ခန့်ထားပေးရန် အစီအစဉ် ရှိ မရှိတို့ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးစန်းမောင်၊ ဘိုကလေးမဲဆန္ဒနယ်၏ **ဘိုကလေးမြို့နယ်၊ ဟေမန် ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် မည်သည့်ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်၏ **ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များ ချိတ်ဆက်၍ ပညာသင်ဆုများ ပိုမို ရရှိရေးဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း**နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်၏ **ပုဂ္ဂလိက ပညာရေး ဥပဒေအရ ဒုတိယအမျိုးအစား ကိုယ်ပိုင်ကျောင်း သို့မဟုတ် ပုဂ္ဂလိက ကျောင်းများ၏ အမည်များကို မြန်မာဘာသာဖြင့်ဖြစ်စေရန် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးစောမောင်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ပညာရေးဝန်ထမ်းများအား ရာထူးတိုးပြောင်းရွှေ့ ခန့်ထားရာတွင် "စံ" များထားရှိရေး အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးသန်းထွန်း၊ ပုသိမ်မဲဆန္ဒနယ်၏ **ပုဂ္ဂလိကကျောင်းများနှင့် ပြည်ပနိုင်ငံ များမှရရှိသော ဘွဲ့များအား မည်ကဲ့သို့ အသိအမှတ်ပြုထားကြောင်းနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် မည်ကဲ့သို့ စီမံထားရှိမှုအား သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ဒေါက်တာလှတင့်၊ ဗဟန်းမဲဆန္ဒနယ်၏**"မြန်မာနိုင်ငံ၏ အဝေးသင်ပညာရေး ကဏ္ဍကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ရန်ကုန်အဝေးသင် တက္ကသိုလ် (Yangon University of Distance Education – YUDE) အား "ရန်ကုန်ပွင့်လင်းတက္ကသိုလ်" (Open University of Yangon –OUY) အဖြစ် အမည်ပြောင်းလဲ၍ အဆင့်မြှင့်တင်ပေးပါရန်အဆို"** ကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။